# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 3, 2025 Volume 94, Number 3


| ၃. ၉.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၉၉.၃၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၀.၆၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၆.၉၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၁.၈၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၉၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၇၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၁ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာ့ပြောင်း ဈေးကွက်ရရှိရေး ကြိုတင်ပြင်ဆင်ခြင်း အစည်းအဝေးကျင်းပ



မြန်မာနိုင်ငံမှ ထွက်ရှိသည့်ပြောင်းသီးနှံဈေးကွက်ရရှိရေး ကြိုတင်ပြင်ဆင်ခြင်း အစည်းအဝေးကို Hybrid စနစ်ဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့(အင်္ဂါနေ့)၊ နေ့လယ် ၁၃:၀၀ နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ အစည်းအဝေးခန်းမတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေး၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များအတွက်နိုင်ငံတကာနှင့် ကုန်သွယ် မှုဖွံ့ဖြိုးလာစေရန်နှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းသီးနှံကို နိုင်ငံတကာဈေးကွက်သို့ အရည်အသွေးနှင့် စံချိန်စံညွှန်းကိုက်ညီစွာ ပိုမိုတိုးမြှင့်တင်ပို့ နိုင်ရန်၊ဈေးကွက်တိုးချဲ့ရှာဖွေရန်ရည်ရွယ်၍ကျင်းပရခြင်းဖြစ်ကြောင်း၊မြန်မာနိုင်ငံ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမည့် ပြောင်းအရည်အသွေးမြင့် ထုတ်ကုန်ဖြစ်သည့် ပြောင်းဖူးကော်မှုန့် Corn Starch ထုတ်လုပ်နိုင်ရေးစီမံချက် အကြိုလေ့လာမှုအရ Corn Starch သည် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားမြင့်မားနေကြောင်း၊ ပြောင်းဖူးကော်မှုန့် (Corn Starch)မှတစ်ဆင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊အိမ်သုံးဆေးဝါးပစ္စည်း၊ တိရစ္ဆာန်သုံးဆေးဝါးပစ္စည်း၊ စားသောက်ကုန်ကြမ်းပစ္စည်းများနှင့်မြေဩဇာ စသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သဖြင့်သွင်းကုန်အစားထိုးအသုံးပြုနိုင်ပြီး ပိုလျှံလျှင်ပြည်ပတင်ပို့နိုင်သည်အထိ ဈေးကွက်အလားအလာများရှိနေ၍ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် မိမိတို့ထုတ်လုပ်တင်ပို့မည့်သီးနှံကို တင်ပို့မည့်နိုင်ငံ၏ အရည်အသွေးသတ်မှတ်ချက်များနှင့် ကိုက်ညီစွာထုတ်လုပ်တင်ပို့နိုင်

ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ပြည်ပနိုင်ငံများရှိ စီးပွားရေးသံမှူးများအနေဖြင့် ပြည်ပပို့ကုန်များဈေးကွက် ခိုင်မာမှုရရှိစေရန်နှင့် ဈေးကွက်သစ်များ ရှာဖွေဖော်ထုတ်နိုင်ရန်အတွက် သက်ဆိုင်ရာနိုင်ငံများ၏ သုံးစွဲမှုနှင့်ဈေးကွက်လိုအပ်ချက်များကို လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာနိုင်ငံမှလုပ်ငန်းရှင်များနှင့်ဈေးကွက်ချိတ်ဆက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဈေးကွက်ရရှိပြီးသည့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ ပိုမိုတင်ပို့နိုင်ရေးနှင့် ဈေးကွက်သစ်များ ရှာဖွေရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ထိုင်း၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဖိလစ်ပိုင်နိုင်ငံတို့ရှိ မြန်မာ စီးပွားရေးသံမှူးများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်လုပ်ငန်းရှင်များ စုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြပြီး မြန်မာ့ပြောင်း ဈေးကွက်ရရှိရေးအတွက် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Source : ပြည်တွင်းကုန်သွယ်မှုဌာနခွဲ**

**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## မြေပဲလုံးဆန်၊ပဲတီစိမ်း ဈေးကျဆင်းရာမှ ပြန်လည်မြင့်တက်လာ နှမ်းနက်ဈေးကွက်ကျဆင်းနေ



မြေပဲလုံးဆန်နှင့် ပဲတီစိမ်းများ ဈေးကျဆင်းရာမှ ပြန်လည် မြင့်တက်လာသော်လည်း နှမ်းနက် ဈေးကွက်ကျဆင်းနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

ပြည်တွင်း ပို့ကုန်ပဲများနှင့် ပဲ၊ နှမ်းဈေးကွက်မှာ သြဂုတ်လ အတွင်း ဈေးကျဆင်းနေရာမှ လကုန်ပိုင်းရက်များတွင် ဈေးကျဆင်းမှုရပ်သွားပြီး စက်တင်ဘာလဆန်းပိုင်းတွင် ပဲ၊နှမ်းအမျိုးအစားအလိုက် ဈေးအနည်းငယ် ပြန်လည် မြင့်တက်လာကြောင်း၊ဈေးကွက်အတွင်း ဈေးကျဆင်းနေသည့် ပဲတီစိမ်းဈေးကွက်မှာလည်း မြင့်တက်လာသလို နှမ်းဈေးကွက်မှာ အကျဈေးဖြင့် ငြိမ်နေကြောင်း ပဲ၊ နှမ်းကုန်သည် ဦးဆန်းထွန်းလွင် က ပြောသည်။

“မြေပဲလုံးဆန်ရော၊ ဆီဆန်ရော ဈေးကျဆင်းမှုရပ်သွားပါပြီ။ လက်ရှိမှာ တောင်သူတွေက အရေးတကြီးရောင်းချမှုမရှိတော့ဘဲ ဈေးထိန်းရောင်းတာကြောင့် မြေပဲဆန်ဈေးကွက် ပြန်လည်မြင့်တက်လာပါပြီ။ မြေပဲအမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ ခန့် မြင့်တက်လာပါတယ်။ နှမ်းမျိုးစုံဈေးကွက်ကတော့ ဆက်လက်ဈေးငြိမ်နေပြီး ပဲတီစိမ်းက အကျဈေးကွက် ကနေ ပြန်လည်မြင့်တက်လာပါတယ်။အခြားပို့ကုန်ပဲတွေကတော့ယခင်သီတင်းပတ်အတိုင်း အပြောင်းအလဲမရှိ ဈေးငြိမ်နေပါတယ်” ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၁ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅,၀၀၀၊ မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၅,၀၀၀၊ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၃၁၀,၀၀၀ အထိ ဈေးကျဆင်းနေသည်။

ပြည်တွင်းသုံးကုလားပဲအုပ်စုမှာအနည်းငယ်အတက်အကျရှိသော်လည်းအရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၈၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀,၀၀၀၊ ၉၂၉ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၇,၀၀၀ ပေါက်ဈေးရှိ နေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများ မှာ စက်တင်ဘာ ၁ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၆၇၀,၀၀၀၊ ပဲနီပြာ(ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၀၀,၀၀၀၊ ပဲထောပတ် (သစ်)တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ စားတော်ပဲ(ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၃၉၀,၀၀၀

ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဈေးကျဆင်းနေရာ စက်တင်ဘာ ၁ ရက်တွင်နှမ်းနက်သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၈၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀၊ နှမ်းညိုသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၈၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၆,၀၀၀၊ ပဲဖတ်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

မန္တလေးကုန်စည်ဒိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအား၊ ရောင်းလိုအားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲများဖြစ်နိုင်သလို ဈေးအတက်အကျကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်း ကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်း အလဲရှိနိုင်ကြောင်း သိရသည်။

**Source :မကွေးဂျာနယ်**

## ၄ လအတွင်း ပျားရည်တန် ၇၀၀ ကျော် ပြည်ပသို့တင်ပို့ထား




ယခု ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇူလိုင်လအထိ ပထမ ၄ လတာ ကာလအတွင်း ပျားရည် မက်ထရစ်တန် ၇၀၉ ဒသမ ၀၁ အထိ ပြည်ပနိုင်ငံများသို့တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၃ သန်း ရရှိထားကြောင်းမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအောက်ရှိ ပျားလုပ်ငန်းဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲထံမှ သိရပါတယ်။

အဆိုပါကာလအတွင်း ပုဂ္ဂလိကကဏ္ဍအနေနဲ့သာ တင်ပို့ခဲ့တာဖြစ်ပြီး ပုံမှန်ကုန်သွယ်ရေးမှ ပျားရည် မက်ထရစ်တန် ၇၀၇ ဒသမ ၇၂ နှင့် နယ်စပ်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် ၁ ဒသမ ၂၉ ၊ စုစုပေါင်း မက်ထရစ်တန် ၇၀၉ ဒသမ ၀၁ အထိတင်ပို့နိုင်ခဲ့တာဖြစ်တယ်လို့ ၎င်းဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

ပြည်တွင်းထွက် ပျားရည်ကို ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် တရုတ်(ထိုင်ပေ) စသည့် နိုင်ငံနှင့်ဒေသတို့မှ တင်သွင်းခဲ့ခြင်းဖြစ်၍ ဂျပန်နိုင်ငံမှ အများဆုံးဝယ်ယူခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြည်တွင်းပျားမွေးမြူရေးလုပ်ငန်းများမှ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်နှင့် လိုက်ချီး ပျားရည် အမျိုးအစားများကို မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ အများဆုံးမွေးမြူ ထုတ်လုပ်နေတာဖြစ်ပြီး ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်းတင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

**Source :Myanmar Future News Agency**

## ကျောက်ဆည်မြို့နယ်၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း စပါးအပြင် နေ့စဉ်ဝင်ငွေရရှိသည့် သီးပင်စားပင်များ စိုက်ပျိုးလျက်ရှိရာ ထားဝယ်ကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်ခူးဆွတ်ရောင်းချရသဖြင့် မိသားစုများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရုံးပတီသည် စိုက်ပျိုးပြီးရက်ပေါင်း ၆၀ ကျော်တွင် စတင်ခူးဆွတ်နိုင်ပြီး နေ့စဉ် ခူးဆွတ်ရောင်းချရသည့် သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက မျိုးစေ့၊ မြေပြုပြင်ခြင်း၊ အပင်ငယ်ချိန် ပေါင်းမြက်ရှင်းလင်းခြင်း၊ သွင်းအားစုနှင့် ရေသွင်းခြင်းအပါအဝင် စုစုပေါင်းငွေကျပ် ငါးသိန်းခန့် ကုန်ကျမှုရှိသည်။

ရောင်းဈေးအနေဖြင့်ဈေးကွက်ပေါ်မူတည်၍ဈေးရရှိပြီး တစ်ဧကစိုက်ပျိုးထားပါက စတင်ခူးဆွတ်ချိန်တွင် ၁၅ ပိဿာခန့် ခူးဆွတ်ရကာ အသီးလှိုင်လှိုင်သီးချိန်တွင် အပင်ကောင်းမွန်မှုပေါ်မူတည်၍ ပိဿာ ၆၀ မှ ၈၀ အထိ ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ရုံးပတီစိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

ရုံးပတီစိုက်ပျိုးပါက အစိုဓာတ် လုံလောက်စွာရရှိရေး ရေသွင်းပေးရပြီး ၂ ပေခွဲခန့်အကျယ် မြေပေါင်များပြုလုပ်ကာ လေဝင်လေထွက်ကောင်းမွန်ရေး တစ်ပင်နှင့်တစ်ပင် ၂ ပေအကွာတွင် မြေကျင်းများပြုလုပ်၍ အစေ့တိုက်ရိုက်ချ စိုက်ပျိုးနိုင်ကြောင်း၊ အပင်ငယ်ချိန်တွင်မြေဆွခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ လိုအပ်သည့်အချိန်တွင် မြေဩဇာထည့်ခြင်း၊ ပိုးမွှားကာကွယ်ဆေးဖျန်းခြင်းများ ပြုလုပ်ပေးပါက အသီးအထွက်နှုန်းပိုမိုကောင်းမွန်ကြောင်း၊ရာသီဥတုနှင့်အပင်ပြုစုမှုကောင်းပါက ရက်ပေါင်း ၉၀ ခန့် အထိ နေ့စဉ်ခူးဆွတ်ရောင်းချရသဖြင့် ရုံးပတီပင်သည် တောင်သူများ စိုက်ပျိုးသင့်သည့် အပင်တစ်မျိုး ဖြစ်ကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## ဥရောပသမဂ္ဂ (EU) ၏ နို့ထွက်ပစ္စည်းများအပေါ် စုံစမ်းစစ်ဆေးမှုများအား သက်တမ်းတိုးလိုက်သည့် တရုတ်နိုင်ငံ

ဥရောပသမဂ္ဂ (EU)က တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများအပေါ် အကောက်ခွန် ပြင်ဆင်သတ်မှတ်ခဲ့ပြီးနောက် တရုတ်ကလည်း ဥရောပသမဂ္ဂ (EU) မှ တင်သွင်းသော ဒိန်ခဲ၊ နို့နှင့် ခရင်မ် အပါအဝင် နို့ထွက်ပစ္စည်းများအား အထောက်အပံ့ပေးခဲ့ခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးမှုများကို ပြီးခဲ့သည့် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ နောက်ထပ် ၆ လ (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့အထိ) စစ်ဆေးသွားမည်ဖြစ်ကြောင်း တရုတ် စီးပွား/ကူးသန်းဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပြီးခဲ့သောနှစ်အတွင်းကလည်း တရုတ်နိုင်ငံသည် အီးယူမှ တင်သွင်းသော ဘရန်ဒီ၊ နို့ထွက်ပစ္စည်းများနှင့် ဝက်သားစသည့် ကုန်စည်များအပေါ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပြီး၊ ဇွန်လတွင် ဝက်သားအား နောက်ထပ် ၆ လ စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် ဇူလိုင်လတွင် အီးယူ၏ အဓိကထုတ်ကုန် ကောညက် (Cognac) အရက်မှလွဲ၍ အခြား ဘရန်ဒီထုတ်လုပ်သူများအား အနိမ့်ဆုံး ဈေးနှုန်း သို့မဟုတ် ၎င်းထက်ပို၍ ရောင်းချသည်ဟုဆိုကာ အကောက်ခွန် ၃၄ ဒသမ ၉ ရာခိုင်နှုန်း စည်းကြပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြထားပါသည်။

**Source : www.reuters.com**

https://commerce.gov.mm/

## တရုတ်အမှတ်တံဆိပ်များ အင်ဒိုနီးရှား EV ကားဈေးကွက်ကို လွှမ်းမိုးထား



တရုတ်အမှတ်တံဆိပ် လျှပ်စစ်ကား EVများသည် အင်ဒိုနီးရှား လျှပ်စစ်ကားဈေးကွက်ကို ၂၀၂၅ ခုနှစ်၏ ဇန်နဝါရီလမှ ဇူလိုင်လအတွင်း လွှမ်းမိုးထားကြောင်း အင်ဒိုနီးရှား မော်တော်ကား စက်မှုလုပ်ငန်းအသင်း (GAIkINDO) ရဲ့ ဩဂုတ်လ ၁၃ ရက်နေ့ ထုတ်ပြန်သည့် အချက်အလက်များအရသိရသည်။

တရုတ်ကားထုတ်လုပ်ရေး BYD သည် ၂၀၂၅ ခုနှစ်၏ ပထမ

ခုနှစ်လအတွင်း ဈေးကွက် ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိပြီး ယူနစ် ၁၆၄၂၇ ရောင်းချခဲ့သည်။

M6, Sealion 7, Atto 3,Seal, and Dolphin စသည့် နာမည်ကြီးမော်ဒယ်များကြောင့် အားကောင်းတဲ့စွမ်းဆောင်ရည်များ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဇူလိုင်လနှောင်းပိုင်းတွင် BYDသည် ၎င်းတို့၏ နောက်ဆုံးပေါ်ကား Atto 1 ကို GAIKINDO Indonesia International Auto Show တွင်စတင်မိတ်ဆက်ခဲ့သည်။

ထိုပြပွဲတွင် ရူပီး ၁၉၅ (အမေရိကန်ဒေါ်လာ ၁၂၀၈၀ခန့်) ဖြင့် စတင်ရောင်းချခဲ့ကြောင်း သိရသည်။

ဈေးကွက်၏ ဒုတိယနေရာတွင် BYD အဖွဲ့၏ အမှတ်တံဆိပ်ခွဲ Denza က ယူနစ် ၆၂၅၆ ရောင်းချခဲ့ပြီး တရုတ်ကား ထုတ်လုပ်ရေး Wuling က ယူနစ် ၆၂၁၀ နှင့် တတိယနေရာတွင် ရပ်တည်နေသည်။

စတုတ္ထနေရာတွင် Chery က ယူနစ် ၅၁၉၆ ဖြင့်ရပ်တည်နေပြီး Aion က ယူနစ် ၃၁၂၆ ဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

ခြုံငုံကြည့်လျှင် အင်ဒိုနီးရှား၏ လျှပ်စစ်ကားရောင်းအားသည် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ယူနစ် ၄၂,၁၇၈ ရှိခဲ့ပြီး ၂၀၂၄ ခုနှစ် စုစုပေါင်းရောင်းအား ၄၃,၁၈၈ ယူနစ်နီးပါး ရောက်ရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားအစိုးရသည် ရုပ်ကြွင်းလောင်စာများမှ သန့်ရှင်းသော စွမ်းအင်သို့ကူးပြောင်းခြင်းဖြင့် ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရန် ကတိပြုထားကြောင်း သိရသည်။

**Source: Xinhua**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## ကမ္ဘောဒီးယား၏ ပို့ကုန်သည် ဇန်နဝါရီမှ ဇူလိုင်လအတွင်း ၁၈ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာ



ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမ ခုနစ်လတာ ကာလအတွင်း အမေရိကန် ဒေါ်လာ ၁၇ ဒသမ၇၂ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့ခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ကန်ဒေါ်လာ ၁၄ ဒသမ ၉၆ ဘီလီယံမှ ၁၈ ဒသမ ၄ ရာခိုင်နှုန်း တိုးလာကြောင်း ဩဂုတ်လ ၁၁ ရက် နေ့တွင် ထုတ်ပြန်သည့် တရားဝင်အစီရင်ခံစာအရသိရသည်။

အဓိကပို့ကုန်များမှာ အဝတ်အထည်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ၊ စက်ဘီးများ၊ ကားတာယာများနှင့် ဆန်၊ ရော်ဘာ၊ ပီလောပီနံ၊ သီဟိုဠ်စေ့၊ ၄က်ပျောသီးနှင့် သရက်သီး စသည်တို့ ပါဝင်ကြောင်း ဖော်ပြထားသည်။

အရှေ့တောင်အာရှနိုင်ငံများအတွက် ထိပ်တန်းပို့ကုန်ငါးနိုင်ငံသည် အမေရိကန်၊ ဗီယက်နမ်၊ တရုတ်၊ ဂျပန်နှင့် ကနေဒါ တို့ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တစ်ချိန်တည်းတွင်ပင် နိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအတွင်း စုစုပေါင်းသွင်းကုန် ဒေါ်လာ ၁၉ ဒသမ၁၆ ဘီလီယံ ကိုမှတ်တမ်းတင်ခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ဒေါ်လာ ၁၆ ဒသမ ၅၈ ဘီလီယံမှ ၁၅ ဒသမ၅ ရာခိုင်နှုန်း တိုးလာကြောင်း အစီရင် ခံစာ အရသိရသည်။

အဓိကတင်သွင်းသည့် ကုန်စည်များမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်စည်အတွက် ကုန်ကြမ်းများ၊ မော်တော်ယာဉ်များ၊ စက်ယန္တရားများ၊ အီလက်ထရွန်နစ် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ စသည်တို့

ပါဝင်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုင်ငံခြားရေးဝန်ကြီးနှင့် ပြောရေးဆိုခွင့်ရှိသူ Penn Sovicheat က ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်နှင့် ကမ္ဘောဒီးယား -တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်သည် နိုင်ငံ၏ ကုန်သွယ်မှုတိုးတက်မှုကို မြှင့်တင်ပေးကြောင်း ပြောကြားခဲ့သည်။

"လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်နှစ်ခုစလုံးသည်ကျွန်ုပ်တို့၏ရေရှည်နှင့် ရေရှည်တည်တံ့သောပို့ကုန်တိုးတက် မှုအတွက် အထောက်အကူဖြစ်စေသည်" ဟု ၎င်းက ဆင်ဟွာသို့ ပြောကြားခဲ့ကြောင်း သိရသည်။

**Source: Xinhua**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (3.9.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,147 (Shares) | 26,537,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | -100 | -1.37% | 7,000 | 7,200 | 7,000 | 62 | 435,800 | 33,109,694 | 238,390 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 189 | 585,900 | 38,929,150 | 120,680 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 1 | 7,400 | 10,400,986 | 76,967 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,900 | 1,950 | 1,900 | 1,524 | 2,940,600 | 29,664,613 | 57,846 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 505 | 1,313,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,850 | 1,900 | 1,800 | 726 | 1,362,100 | 19,977,223 | 37,957 |
| AMATA | 00007 | 3,350 | +200 | +6.35% | 3,350 | 3,350 | 3,350 | 35 | 117,250 | 10,497,598 | 35,167 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 52 | 171,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 3rd Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.94 | -1.67 | -0.46% | 360.05 | 360.05 | 354.78 | 3,094 | 6,933,650 | 8 | 678,903 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 3rd Sep, 2025

| Trading Volume | Trading Value |
|---|---|
| 13,315 (Shares) | 27,024,800 (MMK) |

## Main Board

As of 1:00 pm, 3rd Sep, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,147 (Shares) | 26,537,000 (MMK) |

| MYANPIX | 359.94 ▼ 1.67 |
|---|---|
| Total Volume (shares) | 3,094 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 678,903 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▼ 100 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,900 | ▲ 0 |
| AMATA | 00007 | 3,350 | ▲ 200 |
| MAEX | 00008 | 3,300 | ▲ 0 |

TIR